# အ မှာ

ကြိုတင်၍ပင် ဝန်ခံပါရစေ စာဖတ်သူ. . .

ကျွန်တော်အခုရေးသားမည့် အကြောင်းအရာများသည် အမှာစာမဟုတ်ပါ. . . ကျွန်တော့်အမြင် အတွေ့အကြုံနှင့်သာ ကိုက်ညီသော ကျွန်တော့်ခံစားချက်အရသာ ရေးသားခြင်းဖြစ်ပါသည်။

ကျွန်တော့်တွင် စာရေးဆရာတစ်ဦး၏စာအုပ်ကို အမှာစာရေးပေးနိုင်သော အခြေအနေ. . . အဆင့်အတန်း. . . အင်အားမရှိသေးပါ။

အထူးသဖြင့် စာရေးဆရာ ဦးအောင်လင်း၏စာအုပ်တွင် အမှာစာ ရေးသားလိုလျှင် ပို၍ ဂရုပြုသတိထားရလိမ့်မည် ဖြစ်ပါသည်။

ဒါကြောင့်ပင် စောစောစီးစီး စကားချီကာ ကြိုတင် ဝန်ခံထားရခြင်းဖြစ်သည်။

ဤစာအုပ်ကို ပုံနှိပ်မထုတ်ဝေခင် စာရေးဆရာ ဦးအောင်လင်းသည် စာမူတစ်ပွေ့တစ်ပိုက်ကြီးဖြင့် ကျွန်တော့်ဆီသို့ ဖိုသီဖတ်သီ အူယားဖားယား ရောက်လာသည်။ သူ့မျက်နှာတွင် ကျေနပ်အားရမှု အပြုံးရိပ်တို့ သမ်းနေသည်ကိုလည်း ကျွန်တော် တစ်မုဟုတ်ချင်း အကဲခတ်လိုက်မိပါသည်။



"ကဲဟော့. . . ထွန်းတင့်ဝေကြီး. . . ဒီစာမူတွေကို ဖတ်ပြီး တည်းလည်း တည်းဖြတ်ပေး. . . ပြီးတော့ ဝေဖန်ချက်လည်း ထုတ်ပေးပါဦး. . ."

ဦးအောင်လင်းသည် သူ့ထက်ငယ်သော ကျွန်တော့်အား ညီငယ်အရင်းပမာ အမြဲတမ်း စောင့်ရှောက်သည်။ ကျွန်တော့်အဆိုးများကို ခွင့်လွှတ်တတ်လေသည်။ ကျွန်တော်ကလည်း သူ့ခွင့်လွှတ်လေလေ. . . ဆိုးလေလေဖြစ်သည်။ သူ့အပေါ်တွင် ကျွန်တော်က နေရာတကာတွင် အစ်ကိုကြီးအရင်းသဖွယ် အနိုင်ယူလေ့ရှိသည်။

ကျွန်တော်က သူ့အပေါ်တွင် အမြဲအနိုင်ယူသမျှ. . . တစ်ခါတစ်ခါတွင် စာမူတစ်ပွေ့တစ်ပိုက်ကြီးဖြင့် အူယားဖားယား ပိုက်လာကာ။

"ရော့ဟော့ကောင်လေး. . . မင်းငါ့ကို အနိုင်ယူထားတာတွေ. . . အပြစ်ကျေသွားအောင်. . . ဒါတွေကို လုပ်ပေးရမယ်" ဟုဆိုကာ ကျွန်တော့်ထံတွင် စုပုံ၍ အနိုင်ယူသွားသည်လည်းရှိသည်။

ယခုလည်း သူ၏ ညပေါင်းငါးရာ အတွေ့အကြုံ စာမူများကို လာ၍ ပုံပေးသွားပြန်သည်။

သူ၏စာမူများကို တစ်ရွက်ချင်း လှန်လှော ဖတ်ရှုလိုက်သည်။ ကျွန်တော့်ဦးနှောက်တွင် အလိုလို ခြောက်သွားသည်။ အဘယ်ဆိုသော် စာမူများမှာ သူ၏ အတွေ့အကြုံ ခံစားချက်များဖြင့် တစ်ညနှင့်တစ်ညမတူ ကွဲပြားခြားနားစွာ ရောက်တတ်ရာရာရေးထားသော စာမူများ ဖြစ်သောကြောင့်တည်း။

ဤစာမူတွင် ကျွန်တော် အတော်ကို ပင်ပန်းဦးမည်ဟု ကျွန်တော့်ကိုယ်ကျွန်တော် တွက်မိပြီးသားဖြစ်ပါသည်။

သို့သော် ညပေါင်းငါးရာ စာမူများကို တည်းဖြတ်ပြင်ဆင်၍. . . အစီစဉ် ကျကျနပ်နပ် လုပ်ပြီးသောအခါ. . .

ကျွန်တော့်ရင်တွင် ခံစားချက်အမျိုးမျိုး ပေါ်လာသည်။



အတ္ထုပ္ပတ္တိလိုလည်း ခံစားရသည်. . .။

ခေတ်ရဲ့သမိုင်းလိုလည်း ခံစားရသည်. . .။

အတွေးအခေါ် အဘိဓမ္မာလိုလည်း လေးလေးနက်နက် ခံစားရသည်။

ဝတ္ထုတိုကလေးတွေလိုလည်း ခံစားရသည်. . .။

ကျွန်တော့်ရင်တွင် ဤမည်သော ခံစားမှုကလေးများသည် အစီအရီ တစ်ခုပြီးတစ်ခု ပေါ်လာပါသည်။

ကျွန်တော်ကတော့ သူ့ကို ချီးကျူးမိသည်။

သူသည် ထောင်ထဲ၌ နာမည်နဲ့လိုက်အောင်ပင် ညပေါင်းငါးရာ တွေးလာသည်. . . ရေးလာသည်။

သူ့ဘဝငယ်စဉ် အဖြစ်အပျက်များမှအစ ယနေ့မျက်မှောက်ခေတ်သစ်တိုင်အောင် တစ်လုံးမကျန် အပြန်ပြန်အလှန်လှန် ရေးထားသည်။

အမေ့အကြောင်း၊ အဖေ့အကြောင်း၊ အစ်မအကြောင်း၊ ဇနီးအကြောင်း၊ သားအကြောင်း. . . ဤမည်သော အကြောင်းတို့သည် ကျွန်တော့်စိတ်နှလုံးကို ပိုပြီး ထိခိုက်စေပါသည်။

အမေ့အကြောင်း၊ အဖေ့အကြောင်းများကို ဖတ်ရင် ပခုက္ကူနှင့် မြိုင်မြို့များဆီသို့ ကျွန်တော့်စိတ်အာရုံတို့သည် ပျံ့လွင့်သွားသည်အထိ ဖြစ်ရ၏။

ဒါဟာ. . . သူ့ရဲ့ ခံစားချက်ကလေးများကို ထိမိအောင် ဖော်ထုတ်တဲ့နည်းပိုင်းပါပဲ။

ညပေါင်းငါးရာစာအုပ်သည် ခေတ်၏ ဘဝရှုထောင့်အဖုံဖုံမှ အယူအဆ၊ အတွေးအခေါ်သစ်များဖြင့် တင်ပြထားသော အဘိဓမ္မာများ အများဆုံး ပါဝင်ထားပါသည်။

စာပေ၊ ဂီတ၊ လူ့ဘဝအဖုံဖုံတို့ကို ဆန်းသော အဘိဓမ္မာများဖြင့်သာ လူ့ဘောင်နှင့် မကင်းကွာရလေအောင် ထုတ်ဖော်ခြင်းဖြစ်သည်။



ထို့အပြင် စာရေးချင်သူများအတွက်လည်း ဝတ္ထုရေးနည်းနှင့်ပတ်သက်၍ မခက်ခဲရအောင် ရေးသားတင်ပြထားတာကို တွေ့ရသည်။

နောက်ဆုံး. . . လိုရင်းကိုသာရေးရရင်. . .

"ညပေါင်းငါးရာ" သည်. . . စာပေဝါသနာပါသူတိုင်း၏ စာပေစင်၌ ရှိသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

**ချစ်သော...**

**ထွန်းတင့်ဝေ။**

❑